**စစ်ဆေးကြီးကြပ်ခြင်း**

၁။ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း နည်းဥပဒေအရ ဆောက်လုပ်ခွင့်ပြုမိန့်ရရှိသည့် အိမ်ပိုင်ရှင်မှ ပုဒ်မ၄(ခ)အရ မြို့စည်ပင်သာယာ ဧရိယာ နယ်နိမိတ်အတွင်း တည်ဆောက်လျှင် အဆောက်အအုံဆောက်လုပ်မှု တန်ဖိုးငွေ၏ (၁%)ကို လည်းကောင်း၊ ပုဒ်မ၁၄(ပ)အရ ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ် ပိုင်းခြား သတ်မှတ်ကြေညာပြီးဖြစ်သော ဧရိယာတွင်တည်ဆောက်လျှင် (၀.၅%)ကိုလည်းကောင်း၊ ဌာနဆိုင်ရာအဆောက်အအုံ ဖြစ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုညွှန်ကြား ချက်အရ(၀.၂၅%)ကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးဝင်ငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ခွင့်ပြုချက်ရရှိပြီး အဆောက်အအုံစတင်ဆောက်လုပ်သည့်အချိန်မှစ၍ အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ လူနေထိုင်အသုံးပြုခွင့်အား ခွင့်ပြုချက်မပေးခင်အချိန်ထိ သက်ဆိုင်ရာ မြို့နယ်/ မြို့စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအား စစ်ဆေးရန်ဖွဲ့စည်းပေးထားသော အဖွဲ့မှလည်းကောင်း၊ အဖွဲ့အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့မှလည်းကောင်း၊ သတ်မှတ်ပေးထားသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နယ်မြေတာဝန်ခံအင်ဂျင်နီယာမှလည်းကောင်း၊ ခွင့်ပြုချက်ပါ အရေအတွက်၊ အတိုင်းအတာ၊ သတ်မှတ်ပုံစံနှင့်လုပ်ငန်းသုံးပစ္စည်း အရည်အသွေးတို့အား အခါအားလျော်စွာ စစ်ဆေး၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါ သည်။